ILO
အပြည်ပြည်ဆိုင်ရာ
အလုပ်သမားအဖွဲ့ချုပ်

# နည်းစနစ်ကျကျ ခရီးသွား – နည်းစနစ်ကျကျ အလုပ်လုပ်
# ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းလာသော အလုပ်သမားများအတွက်
# နည်းစနစ်ကျကျရှိစေရန်လမ်းညွှန်



မဟာမဲခေါင်ဒေသအတွင်း  လူမှောင်ခိုကူးခြင်းနှင့် အလုပ်သမားခေါင်းပုံဖြတ်ခြင်းကို
ကာကွယ်ရန်နှင့် ပိုမိုခြုံသော ရွှေ့ ပြောင်းခြင်း စစ်ဆင်ရေးအပိုင်း

သင် ထိုင်းနိုင်ငံတွင် အလုပ်လုပ်နေသလား ? (သို့မဟုတ်) အလုပ်လုပ်ရန်အစီအစဉ် ရှိသလား ?
တရားဝင် အလုပ်လုပ်နေသလား ?  တရားမဝင် အလုပ်လုပ်နေသလား?



ဤစာအုပ်ငယ်တွင်ပါဝင်သော သတင်းအချက်အလက်များသည် သင့်လုံခြုံရေးအတွက် အရေးကြီးကာ
သင့်အတွေ့အကြုံသည် သင်နှင့် သင့်မိသားစုအတွက် အရေးကြီးပြီး
အကျိုးရှိစေကြောင်း သေချာပါသည်။

သင် လက်ရှိဘယ်နေရာ ဘယ်အခြေအနေတွင် (တရားဝင်သည်ဖြစ်စေ /တရားမဝင်သည်ဖြစ်စေ)
ရှိနေစေကာမူ အောက်ပါအချက်အလက်များကို ဖတ်ထားသင့်သည်။

<u>သင်</u> အထူးစိတ်ဝင်တစား စောင့်ရှောက်ရန်အကောင်းဆုံးသူမှာ <u>သင်</u>သာဖြစ်သည်။

ထို့ကြောင့် နည်းစနစ်ကျကျ ခရီးသွားပါ – နည်းစနစ်ကျကျ အလုပ်လုပ်ပါ။

# ရွှေ့ပြောင်းလာသော အလုပ်သမားများအတွက် အရေးကြီးသော အချက်အလက်များ

(ထိုင်းနိုင်ငံအစိုးရမှ)

၁။ ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်လာပြီး တရားဝင်နိုင်ငံကူးလက်မှတ်နှင့် အလုပ်လုပ်ခွင့် (ဗီဇာ) မပါပဲ  အလုပ်လုပ်နေသော အလုပ်သမားတိုင်းသည် ထိုင်းနိုင်ငံ ဥပဒေအရ တရားမဝင်သော ကြောင့် ဒဏ်ငွေဖြစ်စေ၊ ထောင်ဒဏ်ဖြစ်စေ နှစ်မျိုးလုံးဖြစ်စေ ပေးဆောင်ရကြောင်း သိထားသင့် သည်။

၂။ အလုပ်လုပ်ကိုင်ခွင့် ခွင့်ပြုချက်မရှိပဲ ထိုင်းနိုင်ငံတွင် အလုပ်လုပ်နေသော အလုပ်သမားတိုင်း သည်လည်း တရားမဝင် အလုပ် သမားများဖြစ်ပြီး သူ /သူမသည် ဒဏ်ငွေဖြစ်စေ၊ ထောင်ဒဏ်ဖြစ်စေ နှစ်မျိုးလုံးဖြစ်စေ ပေးဆောင်ရကြောင်း သိထားသင့်သည်။

၃။ အလုပ်သမားများသည် ၎င်းတို့အား ထိုင်းနိုင်ငံသို့အထင်တကြီးလာရောက်ပြီး အလွယ်တကူ တရားဝင် အလုပ်လုပ်နိုင်ရန် ထိုင်းနိုင်ငံတွင် အလုပ်သမားမှတ်ပုံတင် လျှောက်ထားစာရင်းသွင်း နိုင်သကဲ့သို့ ဖျားယောင်းသွေးဆောင်သူများအား မယုံသင့်ပေ၊ ထိုသွေးဆောင်ချက် အမှားများ ကြောင့် တရားမဝင် ဝင်ရောက်လာသော အလုပ်သမားများသည်  နောက်ဆက်တွဲ ဆိုးကျိုးများ ခံရမည်ဖြစ်သည်။

၄။ ထိုင်းနိုင်ငံအစိုးရသည် လာအို၊ ကမ္ဘောဒီးယားနှင့် မြန်မာအလုပ်သမားများ ထိုင်းနိုင်ငံအတွင်းသို့ တရားဝင် ဝင်ရောက် အလုပ် လုပ်ကိုင်နိုင်ရန် ၎င်းနိုင်ငံအစိုးရများနှင့် သဘောတူစာချုပ်များ **(MOUs)** လက်မှတ် ရေးထိုးပြီးဖြစ်သည်။ ထိုကဲ့သို့ ခွင့်ပြုရန်အတွက် ထိုနိုင်ငံအစိုးရများသည်လည်း ၎င်းတို့၏ ပြည်တွင်း စည်းမျဉ်းစည်းကမ်းများကို ပြင်ဆင်ပြီးဖြစ်သည်။ ထို့ကြောင့် အလုပ်သမားများ သည် ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက် အလုပ်လုပ်ကိုင်ရန်ဆန္ဒရှိပါက ထိုင်းနိုင်ငံသို့ မထွက်ခွာမီ မိမိနိုင်ငံရှိ အလုပ်သမားဝန်ကြီးဌာန နှင့် **ဦးစွာပထမ** ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်သည်။

# မိမိကိုယ်မိမိ ဘာကြောင့် အရေးထားသင့်သလဲ ?

သင့်ကဲ့သို့ပင် ထောင်ပေါင်းများစွာသော လူငယ်များသည် နေ့စဉ် အိမ်နှင့်ဝေးရာ အခြားမြို့ရွာများသို့ အလုပ်လုပ်ကိုင်ရန် ထွက်ခွာနေကြသည်။ ၄င်းတို့သည် မကြာခဏဆိုသလိုပင် အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်များကို ဖြတ်ကျော်ကာ အိမ်နီးခြင်းနိုင်ငံ များသို့ ဝင်ရောက်ကြသည်။ အများစုမှာ ၄င်းတို့အတွက် ဝင်ငွေရှာခြင်းနှင့် မိသားစုများထံသို့ ငွေပြန်ပို့ရန် ပြဿနာ ကြီးကြီးမားမား မရှိကြပေ။ သို့သော် အချို့မှာ သူတို့မလုပ်လိုသောအလုပ်များကို လုပ်ကိုင်စေခြင်းဖြင့် အလုပ်ရှင်များ မတရားအကြမ်းဖက် ခိုင်းစေမှု များ၊ ကောက်ကျစ်မှုများကို ခံနေကြရသည်။ အချို့ပြဿနာများမှာ ၄င်းတို့အတွက်ရသင့်သော လုပ်အားခမရရှိခြင်း။ အချို့မှာ   လွတ်မြောက်ရာလမ်းနှင့် ကူညီမည့်သူ ရှာမရဘဲ အကျဉ်းထောင်ကျနေသကဲ့သို့ ခံစားရခြင်းများ ဖြစ်နေကြသည်။

၄င်းအလုပ်သမားသည် မကြာခဏဆိုသလို အခြားသူများ၊ အလုပ်ပွဲစားများ (သို့မဟုတ်) ကိုယ်စားလှယ်များ၊ တခါတရံ ၄င်းတို့၏ ဆွေမျိုးမိတ်ဆွေများ၏ အဓမ္မစေခိုင်းမှု (သို့မဟုတ်) လိမ်ညာမှုများ ခံနေကြရသည်။ ၄င်းတို့အတွက် အလုပ်များစောင့်ကြိုနေ သကဲ့သို့ လိမ်ညာခံရကာ အလုပ်ရှင်များထံသို့ ကော်မရှင်ခ (ပွဲစားခ) ကြေးငွေယူကာ ရောင်းစားခံနေကြရသည်။ သို့သော် ၄င်း ကိစ္စများကို မကြာခဏ လူတစ်ဦးတည်းမှသာပါဝင်သည်ဖြစ်ပြီး အလုပ်ပေးသော အလုပ်ရှင်သစ်များမှ ၄င်းအလုပ်သမားများ မသေချာ သော အနာဂတ်အခြေအနေများအပေါ် အခွင့်ကောင်းယူကာ မတရားစေခိုင်းမှုများ ပြုလုပ်နေကြသည်။

မည်သို့ဆိုစေ ထိုအဖြစ်အပျက်များကို လူမှောင်ခိုကူးခြင်းဟုခေါ်ဆိုနိုင်ပြီး ရာဇဝတ်မှုပင်ဖြစ်သည်။



အလုပ်ရှင်တိုင်းသည် အလုပ်သမားများအပေါ် ဩဇာအာဏာ ရှိသည်သာဖြစ်သည်။ တရားဝင်အလုပ်လုပ်ကိုင်ရန် ခွင့်ပြုချက် မရှိပဲ ဝင်ရောက်လာသော အလုပ်သမားများသည် အလုပ်ရှင်များနှင့် အခြားသူများ လုပ်အားခ အပြည့်အဝမပေးခြင်းများ၊ မတရား ခိုင်းစေမှုများ၊ လိင်ပိုင်ဆိုင်ရာ မတရားပြုကျင့်မှုများနှင့် နှုတ်ဖြင့်ဖြစ်စေ၊ ကိုယ်ထိလက်ရောက်ဖြစ်စေ၊ အဓမ္မစေခိုင်းမှုများကို ဆိုးဝါးစွာ ခံစားနေကြရသည်။ သို့သော် အလုပ်ရှင်အများစုမှာ ကောင်းမွန်သော စိတ်နှလုံးရှိကြကာ အထူးသဖြင့် တရားမဝင် ဝင်ရောက်လာ သော လူငယ်အလုပ်သမားများ

၄င်းတို့အမှားကျူးလွန်မှုများကို သက်ဆိုင်ရာသို့ အကြောင်းကြားရန် စိုးရိမ်တက်ကြကြောင်း နား လည်ခွင့် လွှတ်ပေးကာ အလုပ်သမားများအပေါ် မတရားမပြုကြပေ။

အဖြစ်အပျက်များမှာ နေ့စဉ်နှင့်အမျှပင် ဖြစ်ပျက်နေပြီး၊ သင်လည်းကြုံတွေ့ရန် ဖြစ်နိုင်ချေရှိပါသည်။

သို့သော် အဓမ္မစေခိုင်းမှုများကို အသိဉာဏ်ရှိရှိဖြင့် ကြိုတင်ပြင်ဆင် ကာကွယ်နိုင်ပေသည်။ အကယ်၍ သင်သည် အဓမ္မ စေခိုင်းမှုများ ခံစားနေရစေကာမူ ဤစာအုပ်ငယ်သည် သင်အကူအညီတောင်းခံရမည့် နေရာများကို လမ်းညွှန်ပေးပါလိမ့်မည်။

## ကြိုတင်ပြင်ဆင်ခြင်း

### ထိုင်းနိုင်ငံအတွင်း တရားဝင် အလုပ်လုပ်ကိုင်ခြင်း –

**ကမ္ဘောဒီးယား၊ လာအို ဒီမိုကရက်တစ်နှင့် မြန်မာနိုင်ငံ**တို့မှ အလုပ်သမားများ ထိုင်းနိုင်ငံတွင် တရားဝင် အလုပ်လုပ်ကိုင်ရန် နည်းလမ်း တစ်ခုသာရှိသည်။

ထိုင်းနိုင်ငံသို့ နယ်စပ်မှဖြတ်သန်း **မဝင်ရောက်မီ** သင့်နိုင်ငံရှိ အလုပ်သမားဝန်ကြီးဌာနနှင့် ဦးစွာပထမ ဆက်သွယ်ရမည် ဖြစ်သည်။ ထိုင်းနိုင်ငံသည် သက်ဆိုင်ရာ အစိုးရများနှင့် ယင်းနိုင်ငံမှ အလုပ်သမားများ လက်ခံပေးရန် တရားဝင် သဘောတူညီမှုများ ရယူထားပြီးသည့်အပြင် ထိုင်းနိုင်ငံသို့ ပြည်တွင်းအလုပ်သမားများအနေဖြင့် လာရောက်အလုပ်လုပ်ကိုင်လိုသော လုပ်သားများ (ဥပမာ ငါးဖမ်းလုပ်ငန်း၊ ထုတ်လုပ်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း) တို့မှ အလုပ်သမားများကို သက်ဆိုင်ရာ နိုင်ငံများရှိ အလုပ်သမားဝန်ကြီးဌာနများနှင့် တိုက်ရိုက်ဆက်သွယ်ကာ အလျဉ်းသင့်သလို ခေါ်ယူနေပြီးဖြစ်သည်။ ထိုအခြေအနေမျိုးမှာ ထိုင်းအလုပ်ရှင်များသည် ၄င်းတို့လုပ်ငန်းများအတွက် ထိုင်းအလုပ်သမားများ လုံလောက်အောင် ရှာဖွေမရနိုင်သော အခြေ အနေမျိုးတွင်သာဖြစ်သည်။

သို့သော် ထိုင်းနိုင်ငံရှိ အလုပ်လစ်လပ်နေရာများကို မိမိနိုင်ငံမှ **မထွက်ခွာမီ** အလုပ်သမားဌာနတွင် စုံစမ်းရန်မှာ လာရောက် လုပ်ကိုင်လိုသော အလုပ်သမားများ၏ တာဝန်သာဖြစ်သည်။ သင့်နိုင်ငံမှ တာဝန်ရှိသူများသည် ပထမဦးစွာ သင့်၏ အထောက်အ ထားများကိုအတည်ပြုကာ ထိုင်းနိုင်ငံတွင်တရားဝင် လိုအပ်သော နိုင်ငံကူးလက်မှတ်နှင့် အခြားခရီးသွားရန် စာရွက်စာတမ်းများကို ထုတ်ပေးရမည်၊ **“၄င်းတာဝန်ရှိသူများမှ သင်သည်ထိုင်းအစိုးရ၏ အလုပ်သမား တောင်းဆိုမှုခွဲတမ်းအတွက် စေလွှတ်ခြင်းခံရသူ ဖြစ်ကြောင်း ထောက်ခံချက်ကို သင့်အားပေးလိုက်ရန် လိုအပ်ပေသည်”** သင် ထိုင်းနိုင်ငံသို့ ဝင်ရောက်ပြီးနောက် သက်ဆိုင်ရာမှ သင့်အား (၂) နှစ်သက်တမ်းရှိသော ထိုင်း (ပြည်ဝင်ခွင့်) ဗီဇာကိုပေးပြီး သင့်တော်ရာ ထိုင်းအလုပ်ရှင်များနှင့် ဆက်သွယ် ပေးလိမ့် မည်။ ထိုအခါ သင်သည် အလုပ်လုပ်ကိုင်ခွင့် ခွင့်ပြုချက် ရရှိပြီးဖြစ်ပြီး ကျန်းမာရေးစစ်ဆေးခြင်း ခံယူပြီးနောက် ကျန်းမာရေး အာမခံချက်ထားရှိခြင်းကိုလည်း ဆောင်ရွက်ပေးလိမ့်မည်။ သို့သော်

ထိုင်းအလုပ်ရှင်များ (သို့မဟုတ်) ပွဲစားများသည် လျှောက်လွှာ ကြေးများ၊ အလုပ်လုပ်ကိုင်ခွင့် ခွင့်ပြုချက်များနှင့် အာမခံကြေး ကုန်ကျစရိတ်များကို သူတို့ပေးထားသော်လည်း သင့်လုပ်အားခ ငွေများထဲမှ ပြန်လည်နှုတ်ယူခြင်း ပြုလေ့ရှိခြင်းကို ဂရုပြုရမည်။ ထိုသို့ ဖြစ်လာနိုင်ချေရှိပါက ကုန်ကျစရိတ်များ မည်မျှရှိသည်ကို ကြိုတင်ကာ သေချာစွာ ရေးမှတ်ထားရန် အရေးကြီးပေသည်။

ထိုင်းနိုင်ငံတွင် မှတ်ပုံတင်ပြီးတရားဝင် လက်ရှိအလုပ်လုပ်ကိုင်နေသူသည် ၄င်းတို့နေထိုင်ခွင့် (ဗီဇာ)နှင့် အလုပ်လုပ်ကိုင်ခွင့် သက်တမ်း ပြည့်သွားပြီးနောက် သက်တမ်းတိုးနိုင်ခွင့်ရှိပေသည်။ ထို့အတွက် ၄င်းတို့သည် အလုပ်သမားဌာနတွင် အလုပ်ရှင်များနှင့် အတူတူ လျှောက်ထားကာ ထိုသို့ပြုလုပ်နိုင်ရန် ခွင့်ပြုချက်ရရှိပါက တစ်နှစ်စာသက်တမ်း တိုးထုတ်ပေးခြင်းခံရမည်ဖြစ်သည်။ သက်တမ်းတိုး မလျှောက်ထားမီ ၄င်းအလုပ်သမားသည် ကျန်းမာရေးစစ်ဆေးခြင်း အောင်မြင်ရမည်ဖြစ်ပြီး ကျန်းမာရေးအာမခံချက် အထောက်အထားရှိထားရန် လိုအပ်သည်။ (ထိုင်းအစိုးရသည် အလုပ်လုပ်ကိုင်ခွင့် သက်တမ်းတိုးခြင်းများကို ခွင့်ပြုရန် နှစ်အလိုက် အခြေခံနှင့် ဆုံးဖြတ်မည်။) အလုပ်သမားသည် အလုပ်လုပ်ကိုင်ခွင့်သက်တမ်း **မကုန်ဆုံးမီ** သက်တမ်းတိုးရန်လျှောက် ထားရမည်ဖြစ်ပြီး ပျက်ကွက်ပါက သက်တမ်းတိုးပေးမည် မဟုတ်သောကြောင့် ၄င်းသည် ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်ခွင့် ဆုံးရှုံးသွားပေလိမ့်မည်။

ယခင်က ထိုင်းနိုင်ငံတွင် တရားဝင် အလုပ်လုပ်ကိုင်ခွင့်မရှိဘဲ ဝင်ရောက် အလုပ်ကိုင်နေသူများအား တရားဝင်လာရောက် စာရင်းသွင်းစေရန်အလို့ငှာ လွတ်ငြိမ်းချမ်းသာခွင့်များကို အလျဉ်းသင့်သလို ပေးအပ်ပြီးဖြစ်သည်။ သို့သော် ထိုကဲ့သို့သော အစီအစဉ် များ နောက်နောင်တွင်လုံးဝ ရှိတော့မည်မဟုတ်ကြောင်း ထိုင်းနိုင်ငံအစိုးရမှ တရားဝင် ကြေငြာခဲ့ပြီးဖြစ်သည်။

အထက်ပါ လမ်းစဉ်များမှာ ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်ရန် တစ်ခုတည်းသော တရားဝင် လမ်းကြောင်းဖြစ်သည့် အပြင် နိုင်ငံခြားမှ လာရောက် အလုပ်လုပ်ကိုင်သော အလုပ်သမားများအတွက် အလုံခြုံစိတ်အချရဆုံးသော လမ်းစဉ်များပင်ဖြစ်သည်။

သင်သည် ထိုင်းနိုင်ငံတွင် တရားဝင် အလုပ်လုပ်ကိုင်သူဖြစ်ခဲ့လျှင် အဓမ္မစေခိုင်းမှု အန္တရာယ်များမှ ကင်းဝေးမည်ဖြစ်ပြီး ဖမ်းဆီးအရေးယူ နှင်ထုတ်ခံရခြင်းဘေးမှ လွတ်ကင်းကာ အလုပ်ရှင်များ ခေါင်းပုံဖြတ်ခံရခြင်းများမှ နည်းပါးသွားမည်ဖြစ်သည်။

***သင်သည် အကယ်၍ ထိုလမ်းစဉ်များကို မလိုက်နာခဲ့လျှင် အလုပ်ရှင်များနှင့် အခြားသူများ၏ မတရား ခေါင်းပုံဖြတ်မှုများ အဓမ္မစေခိုင်းမှု အန္တရာယ်များကို ပိုမိုခံစားရမည် ဖြစ်သည်။***

# လုံခြုံစွာနေထိုင်ခြင်း

## မှတ်ပုံတင်ထားသော (သို့မဟုတ်) မှတ်ပုံတင်ထားခြင်းမရှိသော ရွှေ့ပြောင်းအလုပ်သမားများ – အမြဲသတိရှိနေရမည် – သံသယရှိနေရမည်  –

<u>တစ်စုံတစ်ယောက်က</u> အလုပ်ရရန်လွယ်ကူပြီး လစာကောင်းသော အလုပ်ရမည်ဟုပြောဆိုကာ မိတ်ဆွေဖွဲ့လာပါက ၎င်းသည် သင့်ကိုလိမ်ညာနေခြင်းဖြစ်နိုင်ကာ သင့်အား လုပ်အားခနည်းနည်းဖြင့် (သို့မဟုတ်) လုံးဝမပေးဘဲအကူအညီမရနိုင်သော အိမ်နှင့်ဝေးရာ တစ်ဖက်နိုင်ငံများတွင် အလုပ်လုပ်ကိုင်ရန် အတင်းအကြပ် စေခိုင်းလေ့ရှိသော လူမှောင်ခိုကူးသော ဂိုဏ်းများ၊ ပြည့်တန်ဆာဂိုဏ်းများမှ သူများဖြစ်နိုင်သည်။

<u>တစ်စုံတစ်ယောက်က</u> နယ်စပ်ကိုဖြတ်ကျော်ရန် တစ်ဖက်နိုင်ငံများ (သို့မဟုတ်) နိုင်ငံတွင်းတွင် အလုပ်ရှင်များ၊ ပွဲစားများနှင့် မိတ်ဆက်ပေးမည်ဟု သွေးဆောင်လာပါက သူ /သူမသည် ပွဲစားခငွေရရှိသူဖြစ်နိုင်သည်။ သင်သည် အကျဉ်းထောင်ကျနေသကဲ့ သို့ဖြစ်ကာ လုပ်အားခများကို အလုပ်ရှင်သစ်ထံသို့သာ ပြန်လည်ပေးဆပ်နေရကာလ (သို့မဟုတ်) နှစ်အတော်ကြာအောင် လုပ်အားခနည်းနည်းဖြင့် (သို့မဟုတ်) လုံးဝမပေးဘဲ  စေခိုင်းခံနေရခြင်းမျိုးလည်း ဖြစ်နိုင်သည်။

<u>တစ်စုံတစ်ယောက်က</u> အလုပ်ရှင်များ (သို့မဟုတ်) ပွဲစားများအနေဖြင့် သင်၏ နိုင်ငံကူးလက်မှတ်နှင့် အခြားအထောက် အထားများကို သိမ်းဆည်းထားပေးမည်ဟု ပြောလာပါက အလွန်အန္တရာယ်ရှိသော အခြေအနေဖြစ်ကာ သင်သည် အလုပ်ကျွန် ဖြစ်သွားနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ထိုစာရွက်စာတမ်းများသည် သင့်နိုင်ငံသို့ပြန်ရန်အတွက် အရေးကြီးသော အထောက် အထားများဖြစ်သည်။ သင်၏နိုင်ငံကူးလက်မှတ်၊ အလုပ်စာချုပ်နှင့် သက်သေခံကဒ်ပြားများကို အလုပ်ရှင်များ၊ ပွဲစားများက လုံခြုံမှုရှိ စေရန်အတွက် သိမ်းထားပေးမည်ဟု မည်သို့ပင်ပြောစေကာမူ ၎င်းတို့အား ဘယ်သောအခါမှ မပေးပါနှင့် ၎င်းနိုင်ငံကူးလက်မှတ် အလုပ်စာချုပ်နှင့် သက်သေခံကဒ်ပြားများသည် သင်၏ ပိုင်ဆိုင်မှုများဖြစ်သည်။

<u>တစ်စုံတစ်ယောက်က</u> သင် တဖက်နိုင်ငံသို့ ရောက်ရှိသွားပြီးသည့်အခါ သင့်အား မိသားစုများ မိတ်ဆွေများနှင့် ဆက်သွယ် ခြင်းကို တားမြစ်သူဖြစ်ပါက သင်သတိထားဆက်ဆံသင့်သည်။

## ၁။ အောက်ပါအချက်များကို သိသင့်သည်



**နိုင်ငံကူးလက်မှတ်။** နိုင်ငံကူးလက်မှတ်သည် ထိုင်းနိုင်ငံ အပါအဝင် နိုင်ငံခြား တိုင်းပြည်များသို့ တရားဝင် သွားရောက်ရန် ခွင့်ပြုသော စာရွက်စာတမ်း ဖြစ်သည်။ နိုင်ငံကူးလက်မှတ်၊ အလုပ်လုပ်ကိုင်ခွင့် ခွင့်ပြုချက်၊ မှတ်ပုံတင်ထားသော စာရွက် စာတမ်းများနှင့် သက်သေခံကဒ်ပြားများကို မိတ္တူများ ကူးယူထားပါ၊ လုံခြုံသော နေရာတွင် သိမ်းဆည်းကာ အပိုမိတ္တူများကို သင့်မိသားစုထံ သိမ်းဆည်းရန်ပို့ထားပါ။ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးလျှင်၊ အခိုးခံရလျှင်၊ သက်ဆိုင်ရာသံရုံးသို့ ဆက်သွယ်အကြောင်းကြားပါ။



**ရွှေ့ပြောင်းလာမှုမှတ်ပုံတင်ခြင်း။** လမ်းစဉ်ကို သင့်နိုင်ငံတွင် စတင်သင့်သည်၊ သင့်နိုင်ငံမှ တာဝန်ရှိသူ များသည် နိုင်ငံကူးလက်မှတ်၊ ထိုင်းနိုင်ငံ အလုပ်သမားတောင်းဆိုမှု ခွဲတမ်းအတွက် စေလွှတ်ခြင်း ခံရသူဖြစ်ကြောင်း ထောက်ခံချက်နှင့် အခြားစာရွက်စာတမ်းများကို ထုတ်ပေးရမည်။ ထိုင်းနိုင်ငံ သက်ဆိုင်ရာမှ သင့်အား မှတ်ပုံတင်ရန် စာရွက်စာတမ်းများ၊ အလုပ်လုပ်ကိုင်ခွင့် ခွင့်ပြုချက်များ ပေးကာ ကျန်းမာရေးအာမခံ ထားရှိရန်စီစဉ်ပေးမည်။

အကယ်၍ သင်သည် မှတ်ပုံတင်ထားခြင်းမရှိလျှင် ဖမ်းဆီးထောင်ချအရေးယူ နှင်ထုတ်ခြင်းများ ခံရမည်ဖြစ်သည်။ တရား မဝင် ဝင်ရောက်လာသူများအား ခန့်ထားပြီးသော အချို့အလုပ်ရှင်များမှာ ၄င်းအလုပ်သမားများအား အဓမ္မစေခိုင်းနိုင်သော အခွင့် အရေးများ နည်းသွားမည်စိုးရိမ်သောကြောင့် တရားဝင်မှတ်ပုံတင်ထားသောသူများကို ငှားရမ်းရန်ငြင်းဆိုလေ့ရှိသည်။ အကြောင်းမှာ တရားမဝင် ဝင်ရောက်လာသူများကို ခြိမ်းခြောက်ကာ လုပ်အားခများမပေးဘဲ ဆိုင်းငံ့ထားခြင်း၊ လုပ်ငန်းခွင်မှ ထွက်ခွာသွားခွင့် မပေး ခြင်းများပြုလုပ်ကာ အမြတ်ထုတ်နိုင်ခြင်းတို့ကြောင့် ဖြစ်သည်။ အချို့မှာ လိင်ပိုင်းဆိုင်ရာဖြင့် ကိုယ်ထိလက်ရောက် အဓမ္မနှိပ်စက် ခြင်းခံကြရသည်။ ပြည်တွင်းမှ ထိုင်းအလုပ်သမားများပင် မတရားခေါင်းပုံဖြတ်ခြင်းများ မကြာခဏခံရလေ့ရှိသည်။



**သင်၏ဦးတည်ချက်၊ အလုပ်ရှင်၏အကြောင်းကို တတ်နိုင်သမျှ စုံစမ်းပါ၊**

အလုပ်ကလုံခြုံသော နေရာလား ? အလုပ်သမားများအား အဓမ္မစေခိုင်း သော နာမည်ဆိုးရှိလား ? ထိုင်းနိုင်ငံတွင်သံရုံး (ကောင်စစ်ဝန်ရုံး) ဘယ်မှာရှိလဲ ? ဖုန်းနံပါတ်က ဘာလဲ ? အကူအညီလိုအပ်တဲ့အခါ အနားမှာ ကူညီပေးနိုင်လောက်တဲ့သူငယ်ချင်း အသိုင်းအဝိုင်း ရှိနိုင်သလား ? အဲဒီနေရာကနေ အိမ်ပြန်နိုင်မဲ့ လမ်း ကြောင်းကို သင်သိသလား ?



**သေချာသောအလုပ်ခန့်စာ ဖြစ်ပါစေ။** (ဖြစ်နိုင်လျှင် သင့်အားသီးခြား ခန့်အပ်စာ) ခရီးစရိတ်များကို အခြားတးစ်စုံတစ်ယောက်ကပေးသည် ဖြစ်လျှင် မည်မျှပြန်ပေးရန် လိုအပ်သည်ကို သေချာစွာမေးပါ။ ထို့ကြောင့် သင်မည်မျှ ပြန် ပေးဆပ်ရန်ရှိသည်၊ အတိုးမည်မျှရှိမည်၊ မည်သည့်အချိန်အတွင်း ပြန်ပေးဆပ် ရမည်ကို သေချာစွာရေးမှတ်ထားပါ၊ သင်အလုပ် ပြောင်းရွှေ့ရန်ဆန္ဒ ရှိလာပါက အလုပ်ရှင်မှ ကန့်သတ်ချုပ်နှောင်ထားခြင်း မရှိရန်နှင့် သင့်အား နိုင်ငံကူး လက်မှတ်နှင့် အလုပ်လုပ်ကိုင်ခွင့် ခွင့်ပြုချက်များကို အလုပ်ရှင်ထံ အပ်နှံ ခိုင်း ထားခြင်း ရှိစေမည်မဟုတ်ကြောင်း သေချာပါစေ။ အပါတ်စဉ် အလုပ်အားရက် ရှိသလား ? အလုပ်ချိန်မဟုတ်လျှင် လုပ်ငန်းခွင်မှ ထွက်ခွာခွင့်ရှိသလား ? ထို့အပြင် အချက်အလက်များအားလုံးကို သေချာစွာ လက်မှတ် ရေးထိုးကာ ၄င်းမိတ္တူများကို မိသားစုထံတွင်လည်း သိမ်းထား၊ ပို့ထားပါ။



**မိသားစုကို အသေအချာ အသိပေးထားပါ။** အလုပ်ရှင်အမည်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်များကို မိသားစုအား အသိပေးထားကာ သင့်ဦးတည်ရာ ခရီးလမ်းဆုံးသို့ ဆိုက်ရောက်ပြီး သည်နှင့် ***မိသားစုထံ ပုံမှန် အဆက်အသွယ် ပြုလုပ်ပါ၊*** သင်အဆက်အသွယ် မပြုလုပ်သည့် ကာလ ကြာမြင့်လာပါက အကူအညီတောင်းခံရန် (စာအုပ်ငယ်နောက်ကြောရှိ ဆက်သွယ်ရမည့် အမည်နှင့် ဖုန်းနံပါတ်များ) လိုအပ်သည်ကို သင့်မိသားစုမှ သေချာစွာသိရှိထားနိုင်ရန် အသိပေးထားပါ။

**ကျွန်ုပ်တို့အားလုံး တစ်ခါတစ်ရံ ယုံလွယ်တတ်သည်၊ သို့သော်သတိရပါ။** အလုပ်ခန့်အပ်ခြင်း အခြေနေများ အလွန်ကောင်းမွန်နေလျှင် ၄င်းမှာ အမှန်အကန်မဟုတ်သော တရားမဝင်သော အလုပ်ခန့်စာ ဖြစ်နေတတ်ကာ မိတ်ဆွေများကပင် သင့်အားလိမ်ညာခြင်းမျိုး ဖြစ်နိုင်သောကြောင့် လုပ်အားခအနည်းငယ်မျှ (သို့မဟုတ်) လုံးဝမရရှိဘဲ အကူအညီ မရရှိနိုင်သည့်နေရာတွင် ကျေးကျွန် သဖွယ် အလုပ်လုပ် နေရခြင်းမျိုးများ ဖြစ်လာနိုင်သည်။



## ၂။ တဖက်နိုင်ငံရှိ ပြောင်းရာနှင့်သွားလာရာတွင်အန္တရာယ်လျော့ပါးအောင်နေထိုင်ရန်



**မရင်းနှီးသောလူများကို မယုံပါနှင့်။** အလွန်တရာ ခင်မင်သောသူများ ကိုပင် အမျိုးသားဖြစ်စေ / အမျိုးသမီးဖြစ်စေ မယုံပါနှင့်။ လူငယ်အများစုသည် ၄င်းတို့ ခရီးသွားလာရင်း ခင်မင်ရင်းနှီးခဲ့သူများမှ လိမ်ညာ လှည့်ဖျားမှုများကို နောက်ပိုင်းတွင် ခံရလေ့ရှိကြောင်း ထင်ရှားသော သာဓကများစွာရှိသည်။ လူငယ်အများစု အထူးသဖြင့် မိန်းမငယ်လေးများမှာ ဤနည်းဖြင့် သွေးဆောင် ဖျားယောင်းခြင်းခံနေကြရသည်။ဤပုံတွင် လူတစ်ယောက်သည် အမျိုးသမီးငယ် လေးအား ဘတ်စကားပေါ်တွင် ချဉ်းကပ်သွေးဆောင်နေသော ပုံဖြစ်ပြီး၊ အများစု သော လူကုန်ကူးသူများမှာ အမျိုးသမီးများဖြစ်သည်။



**မိမိသွားရမည့် လမ်းကြောင်းကို ကိုယ်တိုင် လေ့လာပါ။**
ခရီးသွားနေစဉ်နှင့် ဦးတည်ရာ သို့ရောက်ချိန်တွင် ယုံကြည်စိတ်ချစရာ ကောင်းသူများကိုသာ ခရီးသွားလမ်းညွှန်ကိုမေးမြန်းပါ။ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိပါစေ။ သင့်စိတ်ထဲတွင် ဘဝင်မကျ ခံစားနေရပါက သင့်သဘာဝ အသိစိတ် ကိုယုံကြည်ကာ ထိုနေရာမှ ချက်ချင်းထွက်ခွာပါ။ အနီးဆုံးသော လုံခြုံ စိတ်ချရမည့်နေရာများဖြစ်သော ဘုရား၊ ကျောင်း၊ ရဲစခန်း၊ ဆေးရုံ အစရှိသည့် နေရာများ ရှာဖွေပါ၊ ထိုနေရာများသည် သင်အား မတရားစေခိုင်းသည့်အလုပ်ရှင်များထံမှ လွတ်မြောက် လာသည့်အခါ သင့်အားခိုလှုံရာနေရာများဖြစ်ပေလိမ့်မည်။ သင့်နိုင်ငံကူးလက်မှတ်နှင့် သက်သေခံ ကဒ်ပြားများကို မည်သူနှင့်မှ မထားခဲ့ပါနှင့်၊ ထိုအရာများသည် သင့်အတွက် အလွန်အရေးကြီး သော ပစ္စည်းများဖြစ်သည်။ သင့်ကိုယ်နှင့် မကွာ အမြဲသိမ်းထားပါ။

**အလုပ်ရှင်က အလုပ်လုပ်ကိုင်ခွင့် မှတ်ပုံတင်ပေးမည်ဟုပြောလာတိုင်း သူ / သူမတို့ကိုမယုံပါနှင့်။**
အလုပ်ရှင် (သို့မဟုတ်) လုပ်သားစုဆောင်းသူများမှာ ထိုင်းနိုင်ငံရှိ သက်ဆိုင်ရာ အာဏာပိုင်ဌာနများတွင် အလုပ်သမားများအတွက် အလုပ်လုပ်ကိုင်ခွင့် <u>မှတ်ပုံတင်ပေးနိုင်ခွင့်မရှိပါ</u>။ ထိုအချက်အလက်များသည် အထက်တွင်ဖော်ပြထားသော လမ်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ရန် အဆင့်များကို သင့်တိုင်းပြည်မှ မထွက်ခွာမီ ဆောင်ရွက်ရမည်ဖြစ်သည်။ သို့သော် သင်သည် လက်ရှိ ထိုင်းအလုပ်ရှင်နှင့် တရားဝင် မှတ်ပုံတင်ပြီးဖြစ်ပါက သင့်အလုပ်ရှင်မှ သက်တမ်းတိုးနိုင်ရန် သင့်အား အကူအညီပေးနိုင်သည်။

**မိမိအိမ်သို့ ဖုန်းဆက်ရန်** – အကယ်၍သင်သည် နိုင်ငံခြားမှ သင့်နိုင်ငံသို့ဖုန်းခေါ်ဆိုချင်လျှင် ဦးစွာ အပြည်ပြည်ဆိုင်ရာ ခေါ်ဆိုမှုနံပါတ် (ထိုင်းနိုင်ငံမှခေါ်ဆိုလျှင် – ၀၀၁ ) – ထို့နောက် သင့်တိုင်းပြည်နံပါတ် (ကမ္ဘောဒီးယား – ၈၅၅) (လာအို – ၈၅၆) ( မြန်မာ – ၉၅) နှင့် သင့်ပြည်တွင်းနံပါတ်များကို ဆက်လက်ခေါ်ဆိုပါ။

## ၃။ ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းဝင်ရောက်လာသော အလုပ်သမားများအတွက် အခွင့်အရေးများ
## สิทธิ์ของแรงงานต่างด้าวที่ทำงานในประเทศไทย:

ထုတ်လုပ်ရေး အလုပ်သမားများ (စက်ရုံများ၊ ပင်လယ်ထွက်ပစ္စည်း ထုတ်လုပ်ရေး) အနေဖြင့် ရွှေ့ပြောင်းဝင် ရောက်လာ သောသူများသည် ထိုင်းအလုပ်သမားများနှင့်တန်းတူ အလုပ်သမားများ ကာကွယ်ရေးဥပဒေများအတွက် အကျုံးဝင်သည်။ ဥပဒေ များမှာ အောက်ပါအတိုင်းဖြစ်သည်။

หากคุณเป็นแรงงานต่างด้าวที่ทำงานใน**ภาคการผลิต** (รวมถึงโรงงานอุตสาหกรรมและการแปรรูปอาหารทะเล) คุณมีสิทธิ์จะได้รับความคุ้มครองตามกฎหมายคุ้มครองแรงงานเช่นเดียวกับแรงงานไทย ซึ่งความคุ้มครองที่ได้รวมถึงสิ่งต่อไปนี้ด้วย

**ထိုင်းနိုင်ငံ၏ အနိမ့်ဆုံး လုပ်အားခ**မှာ အလုပ်ရက်တစ်ရက်အတွက် **၁၄၃** ဘတ် ဖြစ်သည်။ သို့သော် ထိုင်းနိုင်ငံ၏ အများ စုသော ဒေသများတွင် ထိုနှုန်းထက် မြင့်လေ့ရှိသည်။ (ဘန်ကောက်နှင့် အနီးပတ်ဝန်းကျင် (၅) ခရိုင်တွင် အလုပ်ရက် (၁) ရက်အတွက် **၁၉၁** ဘတ် ရှိသည်)။ ထိုင်းအလုပ်သမားများနီးတူ အခြားနိုင်ငံများမှ ဝင်ရောက်လာသူများအားလုံး အနိမ့်ဆုံးလုပ်အားခရရှိရန် အကျုံးဝင်သည်။ အကယ်၍ သင်သည် တစ်နေ့တာ၏ (၈) နာရီထက် ပိုအလုပ်လုပ်ရန် သဘောတူထားပါက အချိန်ပိုအတွက် ပုံမှန်လုပ်အားခထက်ပိုသော လုပ်အားခငွေ ရပိုင်ခွင့်ရှိသည်။

*** ค่าจ้างขั้นต่ำ**ในประเทศไทยคือ 143 บาทต่อวัน แต่ในพื้นที่ส่วนใหญ่ของประเทศค่าจ้างขั้นต่ำจะสูงกว่านี้ (เช่นที่กรุงเทพฯ ค่าจ้างขั้นต่ำ = 191 บาท) ทั้งแรงงานต่างด้าวและแรงงานไทยมีสิทธิ์ที่จะได้รับค่าจ้างขั้นต่ำ หากคุณตกลงที่จะทำงานเกินวันละ 8 ชั่วโมง คุณมีสิทธิ์ได้รับค่าล่วงเวลาซึ่งมีอัตราสูงกว่าค่าจ้างในเวลา

**ပုံမှန်အလုပ်ရက် တစ်ရက်အတွက် အလုပ်ချိန် (၈) နာရီထက်မပိုသင့်။** အများဆုံးအလုပ်ချိန်မှာ တစ်ပတ်လျှင် (၄၈) နာရီ ဖြစ်သည်။ **အန္တရာယ်များသော** အလုပ်များအတွက် အလုပ်ရက်တစ်ရက်တွင် အလုပ်ချိန် (၇) နာရီနှင့် တစ်ပတ်လျှင် (၄၂) နာရီ မကျော်လွန် သင့်ပေ။ အကယ်၍သင်သည် ထပုံမှန်အလုပ်ချိန်ထက် ပို၍အလုပ်လုပ်ရန် သဘောတူထားပါက သင့်အလုပ်ရှင်သည် အချိန်ပိုအတွက် (**ပုံမှန်လုပ်အားခထက် တစ်ဆခွဲရှိသော**) လုပ်အားခငွေ ပေးရမည်ဖြစ်သည်။ သင်အား ပုံမှန်အလုပ်ချိန်ထက်ပို၍ အလုပ်လုပ်ရန် အတင်းအကြပ် စေခိုင်းခြင်း မပြုနိုင်ပေ။

*** วันทำงานปกติหนึ่งวันจะต้องไม่เกิน 8 ชั่วโมง** ในหนึ่งอาทิตย์จะสามารถทำงานได้มากสุด 48 ชั่วโมง สำหรับงานอันตรายเวลาทำงานต้องไม่เกินวันละ 7 ชั่วโมงหรืออาทิตย์ละไม่เกิน 42 ชั่วโมง ถ้าคุณสมัครใจที่จะทำงานเกินกว่าชั่วโมงที่กล่าวไว้ นายจ้างของคุณจะต้องจ่ายค่าจ้างล่วงเวลาให้คุณ (1.5 เท่าของค่าจ้างปกติของคุณ) ไม่มีใครสามารถบังคับให้คุณทำงานเกินเวลาทำงานปกติที่ระบุไว้ข้างต้นได้

**သင့်အား အနားယူချိန် ပေးသင့်သည်။** တစ်နေ့တာလုပ်ငန်းခွင်အတွက် (၁) နာရီထက်မနည်းသော အနားယူချိန် ပေးသင့် ကာ အလုပ်စလုပ်သည့်အချိန်မှစ၍ ရေတွက်လျှင် ဆက်တိုက် အလုပ်လုပ်ချိန် (၅) နာရီမကျော်မီ အနားယူသင့်သည်။

* **คุณจะต้องมีเวลาหยุดพัก**ไม่ต่ำกว่า 1 ชั่วโมงต่อวัน และไม่อนุญาตให้ทำงานติดต่อกันเกิน 5 ชั่วโมงโดยไม่ได้พัก

**တစ်ပတ်လျှင် အနည်းဆုံး ၁ ရက် အနားယူသင့်သည်။** အလုပ်နားရက်တွင် အလုပ်မလုပ်နိုင်ကြောင်း ငြင်းပိုင်ခွင့် သင့်တွင် ရှိသည်။ အကယ်၍ သင်သည် အလုပ်နားရက်တွင် အလုပ်လုပ်ရန် သဘောတူထားပါက သင့်အလုပ်ရှင်သည် သင့်အား ပုံမှန် အလုပ် ရက်ထက် ရသောလုပ်အားခထက် ၂ ဆရှိသော လုပ်အားခငွေပေးရမည်ဖြစ်သည်။ သင်၏အပတ်စဉ် အလုပ်နားရက်မှာ အလုပ် ရှင်နှင့် အပြန်အလှန် သဘောတူထားသော ရက်သာဖြစ်သောကြောင့် နောက်ပိုင်းတွင် ပြောင်းလိုက ပြောင်းလဲနိုင်သည်။

* **คุณจะต้องมีวันหยุดอาทิตย์ละอย่างน้อย 1 วัน** คุณมีสิทธิ์ปฏิเสธไม่ทำงานในวันหยุดของคุณได้ หากคุณยินยอมทำงานในวันหยุด นายจ้างของคุณจะต้องจ่ายค่าจ้าง**สองเท่า**ที่คุณได้รับในเวลางานปกติให้คุณ คุณสามารถตกลงกำหนดวันหยุดประจำอาทิตย์กับนายจ้างของคุณได้และอาจไม่ใช่วันเดียวกันในทุกอาทิตย์ก็ได้

**သင်သည် တစ်နှစ်လျှင် ၁၃ ရက်ထက် မနည်းသော အလုပ်နားရက် ရသင့်သည်။** (ထိုင်းနိုင်ငံ၏ တရားဝင် အလုပ်ပိတ်ရက် အရ) ထိုင်းနိုင်ငံ တရားဝင်အလုပ်ပိတ်ရက်များတွင် အလုပ်မလုပ်နိုင်ကြောင်း ငြင်းပိုင်ခွင့် သင့်တွင်ရှိသည်။ ထိုင်းနိုင်ငံအလုပ်ပိတ်ရက် တွင် အလုပ်လုပ်ရပါက **ပုံမှန်အလုပ်ရက်ထက် ရသောလုပ်အားခ၏ ၂ ဆရှိသော** လုပ်အားခငွေ ရမည်ဖြစ်ပြီး ပုံမှန်အလုပ်ချိန် (၈) နာရီ ထက်ပို၍ အလုပ်လုပ်ရသော နာရီပိုင်းများအတွက် **ပုံမှန် အလုပ်ချိန် တွင်ရသော လုပ်အားခ၏ ၃ ဆ** ရရှိရမည်ဖြစ်သည်။

* **คุณจะต้องได้รับวันหยุดประจำปีไม่น้อยกว่าปีละ 13 วัน** (ตามวันหยุดเทศกาลของไทย) คุณมีสิทธิ์ปฏิเสธไม่ทำงานในวันหยุดเทศกาลไทยได้ หากคุณทำงานในวันหยุดเทศกาลคุณต้องได้รับค่าจ้างล่วงเวลา**เป็นสองเท่าของค่าจ้างวันทำงานปกติ** และต้องได้รับ**สามเท่าของค่าจ้างรายชั่วโมง**จากเวลาทำงานปกติหากต้องทำงานเกิน 8 ชั่วโมงในวันนั้น

**သင်သည် နာမကျန်းခွင့်ယူရန် အကျုံးဝင်သည်။** သင် အမှန်တကယ် ဖျားနာနေပါက နာမကျန်းခွင့် တောင်းခံနိုင်သည်။ ၃ ရက်နှင့်အထက် ကျော်လွန်သော နာမကျန်းခွင့်များအတွက် မှတ်ပုံတင်ထားသော ဆရာဝန် (ဥပမာ – ပြည်သူ့ဆေးရုံများမှ) ထံမှ ဆေးခွင့်စာ ယူလာရန်လိုအပ်သည်။ နာမကျန်းခွင့်ယူထားစဉ်ကာလ (ရက် ၃၀ အထိ) သင်သည် အလုပ်ရှင်ထံမှဖြစ်စေ ရွှေ့ပြောင်း ဝင်ရောက်လာသော အလုပ်သမားများ အာမခံကြေးများမှဖြစ်စေ ဝင်ငွေဆက်လက်ရရှိနေရန် အကျုံးဝင်သည်။

*** คุณมีสิทธิ์ที่จะลาป่วย**ได้ตามสภาพการเจ็บป่วย หากลาป่วยตั้งแต่ 3 วันขึ้นไป คุณต้องมีใบรับรองจากแพทย์ปริญญา (เช่น หมอที่โรงพยาบาล) คุณยังมีสิทธิ์ที่จะได้รับเงินจากนายจ้างหรือจากประกันแรงงานต่างด้าวในช่วงที่ลาป่วยนี้ (สูงสุด 30 วัน)

**အကယ်၍သင်အလုပ်ထွက်လျှင် (သို့မဟုတ်) အလုပ်ဖြုတ်ခံရလျှင်။** သင့်တွင် ထိုင်းနိုင်ငံမှ မထွက်ခွာမီ အခြား အလုပ်ရှင်ကို ရှာရန် အချိန် (၇) ရက်ရှိသည်။ အကယ်၍ သင်သည် ရွှေ့ပြောင်းဝင်ရောက်လာသော အလုပ်သမားများအတွက် ခွဲတမ်းစနစ် အောက်ရှိ ခန့်အပ်နိုင်ရန် ခွဲတမ်းကျန်နေသေးသည့် အလုပ်ရှင်ကို ရှာဖွေတွေ့ရှိခဲ့သည့်တိုင်အောင် ထိုင်းနိုင်ငံမှ ထွက်ခွာရမည်ဖြစ်ပြီး ဗီဇာ (ပြည်ဝင်ခွင့်) အသစ်နှင့် ပြန်လည်ဝင်ရောက်လာရမည်ဖြစ်သည်။

*** ถ้าคุณลาออกจากงาน ถูกไล่ออก** คุณมีเวลา 7 วันที่จะหางานใหม่ หากหาไม่ได้ภายในเวลานี้ คุณต้องเดินทางออกจากประเทศไทย แม้ว่าคุณจะสามารถหางานใหม่ได้กับนายจ้างที่ต้องการแรงงานจากโควต้าแรงงานต่างด้าว คุณก็อาจจะยังต้องออกนอกประเทศไปก่อนแล้วค่อยใช้วีซ่าใหม่เดินทางกลับเข้ามาอีกครั้ง

## ရွှေ့ပြောင်းဝင်ရောက်လာသော အမျိုးသမီးအလုပ်သမားများ အထူးသတိပြုရန်အချက်များ
## สิทธิ์สำหรับแรงงานต่างด้าวที่เป็นหญิง:

**ရွှေ့ပြောင်းဝင်ရောက်လာသော အမျိုးသမီးအလုပ်သမားများ**သည် အလုပ်အကိုင်ချင်းတူခဲ့လျှင် အမျိုးသားအလုပ်သမား များနှင့် တန်းတူလုပ်အားခရရန် အကျုံးဝင်သည်။ အလုပ်ရှင်များသည် တစ်ဦးချင်းစီ၏ လုပ်ဆောင်ချက်ပေါ်မူတည်၍ အကဲဖြတ်ကာ **ကျား /မ** မခွဲခြားပဲ လုပ်အားခပေးနိုင်ခွင့်ရှိသော်လည်း သတ်မှတ်ထားသော အနိမ့်ဆုံး လုပ်အားခထက်တော့ လျော့နည်းခွင့်မရှိ သင့်ပေ။

* **แรงงานข้ามชาติที่เป็นหญิง**มีสิทธิ์ได้รับค่าแรงเท่ากับแรงงานข้ามชาติที่เป็นชายซึ่งทำงานในหน้าที่เดียวกัน นายจ้างจะต้องให้ค่าแรงตามความสามารถของลูกจ้างตราบใดที่งานนั้นไม่ได้เป็นงานที่กำหนดให้เฉพาะหญิงหรือชายทำ

**ကိုယ်ဝန်ဆောင်ရွှေ့ပြောင်းအလုပ်သမားများ** သည်အလုပ်ရှင်များထံမှ (၄၅)ရက်စာအတွက် လုပ်အားခနှင့် ရက်(၉၀) ထက်မကျော်သော မီးဖွားခွင့်ရက်ကို ရယူပိုင်ခွင့်ရှိသည်။

* **แรงงานต่างด้าวที่ตั้งท้อง**มีสิทธิ์ที่จะลาคลอดไม่เกิน 90 วันและมีสิทธิ์ได้รับค่าตอบแทนจากนายจ้างเป็นเวลา 45 วัน

**အကယ်၍ အလုပ်သမားသည် ကိုယ်ဝန်ဆောင်နေစဉ်အတွင်းနှင့် မီးဖွားပြီးနောက် အလုပ်လုပ်ကိုင်ရန် အန္တရာယ်များ ၍ဖြစ်စေ ကိုယ်ကာယပိုင်းအရ ခက်ခဲ၍ဖြစ်စေ** ဆရာဝန်ထံမှ သင်သည် လက်ရှိလုပ်ငန်းတာဝန်များကို ဆက်လက် ထမ်းဆောင် နိုင်ခြင်းမရှိသေးကြောင်း ယာယီအားဖြင့် ကိုယ်ဝန်ဆောင်နေစဉ်အတွင်း (သို့မဟုတ်) မီးဖွားပြီးစ အခြားတာဝန်များကို ခေတ္တခဏ ပြောင်းလွှဲ ထမ်းဆောင်ခွင့်ပြုရန် ရှင်းလင်းထောက်ခံထားသော ဆေးစာတင်ပြကာ တောင်းဆိုခွင့်ရှိသည်။

* **หากงานที่ทำเป็นงานอันตรายหรือไม่เหมาะสมที่จะทำเนื่องจากสภาพของร่างกายทั้งระหว่างและหลังช่วงที่ตั้งท้อง** คุณสามารถนำใบรับรองของแพทย์ที่ระบุว่าคุณไม่สามารถจะทำงานเดิมที่ทำอยู่ได้ไปแสดงเพื่อขอเปลี่ยนงานเป็นการชั่วคราวก่อนหรือหลังคลอดลูก

**အားလုံးသော  အမျိုးသမီးအလုပ်သမားများသည် ကိုယ်ဝန်ဆောင်နေစဉ်အတွင်း တရားဝင်** အလုပ်လုပ်ခွင့်ရှိကာ ကိုယ်ဝန် ဆောင်နေသည့်အတွက် အလုပ်ဖြုတ်ခံရခြင်းမှ ကာကွယ်ခွင့်ရှိသည်။

* **แรงงานต่างด้าวที่เป็นหญิงทุกคนมีสิทธิ์ทำงานได้**ขณะตั้งท้องและมีสิทธิ์ได้รับความคุ้มครองจากการถูกเลิกจ้างเพราะการตั้งท้อง

## ရွှေ့ပြောင်းဝင်ရောက်လာသော ငယ်ရွယ်သည့်အလုပ်သမားများ အထူးသတိပြုရန် အချက်များ

### สิทธิสำหรับแรงงานต่างด้าวที่เป็นเยาวชน:

**သတိပြုရန်** – လူကုန်ကူးခြင်း၊ လိင်ပိုင်းဆိုင်ရာ မတရားပြုကျင့်ခြင်းတို့သည် လူငယ်အလုပ်သမားများအတွက် အန္တရာယ် ပိုများသောကြောင့် ထိုင်းနိုင်ငံအစိုးရသည် အသက် ၁၈ နှစ်အောက်လူငယ်များ၏ မိဘ (သို့မဟုတ်) တရားဝင် အုပ်ထိန်းသူမပါဘဲ (ဥပမာ အရွယ်ရောက်ပြီး မိတ်ဆွေအဆင့်မရှိသူနှင့်) အလုပ်ရှာရန် အလို့ငှာ ထိုင်းနိုင်ငံတွင်းသို့ ဝင်ရောက်လာခြင်းမပြုရန် သတိပေးထားသည်။

အောက်ပါစည်းကမ်းများသည် (အသက် **၁၅** နှစ် နှင့် **၁၇** နှစ်ကြား) ရှိ ရွှေ့ပြောင်းဝင်ရောက်လာသော အလုပ်သမားများအတွက် အသုံးပြုရန်ဖြစ်သည်။

**หมายเหตุ:** เนื่องจากเยาวชนมีความเปราะบางต่อการถูกลักลอบค้ามนุษย์ การหาประโยชน์จากแรงงานและการหาประโยชน์ทางเพศ รัฐบาลไทยจึงออกคำเตือนว่าแรงงานต่างด้าวอายุต่ำกว่า 18 ปี ไม่ควรพยายามเดินทางมาหางานทำในประเทศไทย ยกเว้นแต่จะมากับผู้ปกครองหรือผู้ดูแลตามกฎหมายเท่านั้น (ไม่ใช่แค่เดินทางมากับคนรู้จักที่เป็นผู้ใหญ่)

หากจะจ้างแรงงานต่างด้าวอายุ 15 ถึง 17 ปี จะต้องปฏิบัติตามข้อบังคับดังต่อไปนี้:

**ရွှေ့ပြောင်းဝင်ရောက်လာသော အသက် ၁၅ နှစ်အောက် ကလေးငယ်သည် ထိုင်းနိုင်ငံတွင် အလုပ်လုပ်ခွင့်မရှိပါ။** ရွှေ့ပြောင်း ဝင်ရောက်လာသော အသက် ၁၅ နှစ်ကျော်ပြီဖြစ်သည့် လူငယ်များသည် – အောက်ပါအခြေအနေများတွင် အလုပ်လုပ်ခွင့်ရှိသည်။

* **แรงงานต่างด้าวที่มีอายุต่ำกว่า 15 ปีไม่สามารถทำงานได้ในประเทศไทย** แรงงานต่างด้าวที่มีอายุสูงกว่า 15 ปีสามารถทำงานได้ แต่มีข้อกำหนดพิเศษดังต่อไปนี้

**ကလေးငယ် (လူငယ်)သည် အသက် ၁၅ နှစ် နှင့် ၁၇ နှစ်ကြားရှိပြီး** အလုပ်လုပ်ခဲ့လျှင် အလုပ်စတင်သည့်နေ့မှ **၁၅** ရက် အတွင်း အလုပ်ရှင်သည် ပြည်တွင်းအလုပ်သမားကာကွယ်ရေးနှင့် လူမှုဖူလုံရေးရုံးသို့ အကြောင်းကြားရမည်။

* **เมื่อจ้างเด็ก (เยาวชน) อายุระหว่าง 15 ถึง 17 ปีทำงาน** นายจ้างจะต้องไปแจ้งที่สำนักงานคุ้มครองแรงงานและสวัสดิการสังคมภายใน 15 วันนับจากวันที่แรงงานคนนั้นเริ่มทำงาน

**အသက် ၁၅ နှစ် နှင့် ၁၇ နှစ် ကြားရှိအလုပ်သမား** သည် တစ်နေ့လျှင် (၈) နာရီ၊ တစ်ပတ်လျှင် နာရီ (၄၀) ထက်ပို၍ အလုပ် မလုပ်သင့်ပေ။ နေ့၏တစ်နေ့အတွက် (၁) နာရီထက်မနည်းသော အနားယူချိန်ပေးသင့်ကာ အလုပ်စလုပ်သည့်အချိန်မှစ၍ ရေတွက် လျှင်ဆက်တိုက် အလုပ်လုပ်ချိန် (၄) နာရီမကျော်မီ (အရွယ် ရောက်ပြီးသူများထက် (၁) နာရီ စော၍) အနားယူသင့်သည်။ အသက်ငယ်ရွယ်သော အလုပ်သမားများ အချိန်ပို အလုပ်လုပ်ခွင့်မရှိပါ။ ၎င်းတို့သည် အလုပ်နားရက်များတွင်လည်း အလုပ်လုပ် ခွင့်မရှိပါ။

* **ลูกจ้างที่มีอายุระหว่าง 15 ถึง 17 ปี**จะต้องไม่ทำงานเกินวันละ 8 ชั่วโมงและไม่เกิน 40 ชั่วโมงต่ออาทิตย์ ลูกจ้างมีสิทธิ์ที่จะหยุดพักเป็นเวลาไม่น้อยกว่า 1 ชั่วโมงต่อเนื่องกันต่อวัน หลังจากทำงานมาติดต่อกันไม่เกิน 4 ชั่วโมง (ก่อนผู้ใหญ่ 1 ชั่วโมง) แรงงานที่มีอายุในช่วงนี้ไม่ได้รับอนุญาตให้ทำงานล่วงเวลาหรือทำงานในวันหยุดได้

**ကလေးများအတွက် အန္တရာယ်ရှိသော အလုပ်များနှင့် တားမြစ်ထားသော အလုပ်များ လုပ်ကိုင်ခြင်းကို** အသက်ငယ်ရွယ်သော အလုပ်သမား လူငယ်များအားခွင့်မပြုပါ။ ၎င်းတို့မှာညဥ့်နက်သန်းခေါင်း အချိန်မတော်အထိ အလုပ်လုပ်ရခြင်း၊ ကန့်သတ်ထားသော နေရာများတွင် အလုပ်လုပ်ရခြင်း၊ အရက်သေစာ တည့်ခင်းဧည့်ခံရသော ဖျော်ဖြေရေးလုပ်ငန်းများတွင် အလုပ်လုပ်ရခြင်းနှင့် လူငယ် လူရွယ်များ အကျင့်စာရိတ္တ ပျက်ပြားစေနိုင်သော ပတ်ဝန်းကျင်များတွင် အလုပ်လုပ်ခြင်းများပါဝင်သည်။

* **งานอันตรายและ/หรืองานต้องห้าม**ไม่อนุญาตให้เด็กทำและไม่อนุญาตให้เยาวชนที่มีอายุในช่วงนี้ทำด้วย งานดังกล่าวรวมถึง แต่ไม่จำกัดเฉพาะ การทำงานตอนกลางคืน หรือทำงานในสถานที่แคบ หรือทำงานในสถานบันเทิงซึ่งให้บริการเครื่องดื่มที่มีแอลกอฮอล์และ/หรือทำงานในสภาพแวดล้อมที่ขัดต่อศีลธรรมอันดีงาม

## အသက်အရွယ်မရွေး၊ တရားဝင် အလုပ်လုပ်သည်ဖြစ်စေ၊ တရားမဝင်အလုပ်လုပ်သည်ဖြစ်စေ၊ ရွှေ့ပြောင်းဝင်ရောက်လာသော အလုပ်သမားသည် အကာအကွယ် ရယူနိုင်ရန်အတွက် တောင်းဆိုခွင့်ရှိသည်။ အကယ်၍

**အထက်ပါအချက်အလက်များကို သင့်အလုပ်ရှင်မှ ချိုးဖောက်လျှင်**

**သင့်ကို မတရား အလုပ်ဖြုတ်လျှင်** (သို့မဟုတ် ) သင့်အလုပ်ရှင်မှ လုပ်အားခများ မပေးပဲထားလျှင်

**သင့်ကို အလုပ်ရှင်၊ အထက်လူကြီး၊ ကြီးကြပ်ရေးမှူး စသူတို့က လိင်ပိုင်းဆိုင်ရာ မတရားပြုကျင့်ခြင်း၊** ပြင်းထန်စွာ ကိုယ်ထိ လက်ရောက် ထိခိုက်စော်ကားခြင်းများ။ လိင်ပိုင်းဆိုင်ရာ ထပ်တလဲလဲ စော်ကားခြင်းမျိုးများ ရှိခဲ့လျှင် ထိုစော်ကား ခြင်းများမှာ ရာဇဝတ်မှုများပင် ဖြစ်သည်။

**သင့် သက်သေခံလက်မှတ်၊ အလုပ်လုပ်ကိုင်ခွင့် ခွင့်ပြုချက် စာရွက်စာတမ်းများကို သင့်အလုပ်ရှင်မှ သိမ်းထားပြီး** ပြန်လည် ထုတ်ပေးခြင်း မရှိလျှင်

**သင့်အလုပ်ရှင်မှ သို့မဟုတ် ၄င်းအတွက်အလုပ်လုပ်ပေးသူများမှ သင့်အားမတရားဖိအားပေး၍** အလုပ်လုပ်ခိုင်းသည် ဖြစ် စေ အလုပ်ချိန်ပြင်ပ ထိုလုပ်ငန်းခွင်မှထွက်ခွာခွင့် မပေးလျှင်ဖြစ်စေ။

> အလုပ်လုပ်ကိုင်ခွင့် ခွင့်ပြုချက်များ။ မှတ်ပုံတင်ခြင်း၊ စာချုပ်စာတမ်းများချိုးဖောက်မှုများနှင့် သက်ဆိုင်သော အကူအညီရယူရန် ၁၅၀၆ သို့ခေါ်ဆိုပါ (ပိုက်ဆံပေးရသောဖုန်း ၊ မိုဘိုင်းဖုန်း) ထိုင်းဘာသာစကားနှင့်သာ၊ အကယ်၍သင်သည် လောလောဆယ် ချက်ချင်း အန္တရာယ်ကြုံနေရလျှင် ၁၃၀၀ သို့ခေါ်ဆိုပါ (ပိုက်ဆံပေးရသောဖုန်း။ မိုဘိုင်းဖုန်း) ထိုင်းဘာသာစကားနှင့်သာ၊
> **(သင်မှတ်ပုံတင်ထားသော အခြေအနေများ၊ တရားဝင်အခြေအနေဖြစ်သည် မဖြစ်သည်များအတွက် မစိုးရိမ်ပါနှင့်၊ အကယ်၍ သင်သည် လောလောဆယ် အန္တရာယ်နှင့်ကြုံနေရလျှင် အကူအညီရယူနိုင်သည်၊)**
>
> အခြားအကူအညီများအတွက်။ စာအုပ်ငယ်၏နောက်ဆုံးစာမျက်နှာများတွင်ကြည့်ပါ၊

## *ကျန်းမာရေးအာမခံချက်နှင့် ကျန်းမာရေးစောင့်ရှောက်မှု*

ထိုင်းနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ထားသော ရွှေ့ပြောင်းအလုပ်သမားများသည် ကျန်းမာရေး အာမခံချက်ကိုအလိုအလျောက်ခံစား ခွင့်ရရှိမည်။

ရွှေ့ပြောင်းဝင်ရောက်လာသော အလုပ်သမားမှတ်ပုံတင်ကဒ်နှင့် ကျန်းမာရေးအာမခံချက် အထောက်အထားတို့ကို ဆေးရုံ တွင် ပြသကာ အခမဲ့ဆေးကုသမှု ခံယူနိုင်သည်။ သင်သည် ထိုကျန်းမာရေးအာမခံချက်၊ ဆေးကုသခံယူမှုနှင့် အခြားပြန်လည် ထူထောင်ရေး ဆေးစစ်ဆေးမှုများ

ပြုလုပ်နိုင်ပြီး လိုအပ်သော ကုသမှုခံယူနိုင်သည်။ သွားကုသရေးနှင့် အတွင်းလူနာအဖြစ် တက်ရောက်ကုသရန် တို့မှာလည်း ကျန်းမာရေးအာမခံချက်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

ဆေးကုသမှု ခံယူလိုပါက ကျန်းမာရေးအာမခံချက်နှင့် အကျုံးဝင်သောဆေးရုံများသို့သာ သွားရောက်ရန်လိုအပ်ပါသည်။ ကိစ္စ အတော်များများတွင် သင်အလုပ်စတင်ဝင်ရောက်ချိန်က ဆေးစစ်ကာ အာမခံကြေးပေးသွင်းခဲ့သောဆေးရုံ ဖြစ်လေ့ရှိသည်။ မတော်တဆထိခိုက်မှုများ အတွက်ကိုမူ သင်နှင့်အနီးစပ်ဆုံးသော ဆေးရုံတွင် ကုသမှုခံယူသင့်သည်။

## *အခြားသတိပြုရန်အချက်အလက်များ* (ထိုင်းနိုင်ငံအစိုးရမှ)

ထိုင်းနိုင်ငံဥပဒေအရ ရွှေ့ပြောင်းဝင်ရောက်လာသော အလုပ်သမားများသည် ၄င်းတို့မှတ်ပုံတင်ထားသော ခရိုင်တွင်သာ သွားလာနေထိုင်ခွင့်ရှိသည်။ အကယ်၍ လိုက်နာခြင်းမရှိပါက ထိုင်းအစိုးရမှ နေထိုင်ခွင့်ကို ချက်ချင်းရုတ်သိမ်းကာ သက်ဆိုင်ရာ နိုင်ငံများသို့ ပြန်လည်စေလွှတ်ခြင်းပြုလုပ်မည်။ (ငါးဖမ်းလုပ်သားများနှင့် ရေကြောင်းပို့ဆောင်ရေးလုပ်သားများသည် ၄င်းတို့ မှတ်ပုံ တင်ထားသော ခရိုင်ပြင်ပသို့ သွားရောက်ခွင့်ရှိသော်လည်း ၄င်းတို့ လုပ်ငန်းမှ ပိုင်ဆိုင်သော ရေယာဉ်ပေါ်တွင်သာ နေထိုင်ခွင့်ရှိသည်။ ထိုင်းလုပ်သားများမှာမူ ၄င်းတို့လုပ်ငန်းပိုင်ရှင် သို့မဟုတ် ပိုင်ရှင်၏ဇနီး /ခင်ပွန်းတို့နှင့်အတူသာ အခြားခရိုင် များသို့ ခရီးသွားလာ ခွင့်ရှိသည်။ ရွှေ့ ပြောင်းဝင်ရောက်လာသော အလုပ်သမားများသည် တာဝန်ရှိသူများမှ တောင်းခံပါက ၄င်းတို့၏ သက်သေခံကဒ်ပြား များကို အချိန်မရွေး ထုတ်ပြနိုင်ရမည်။

## နောက်ဆုံးအကြံပေးချက်

ယခုနှစ်များတွင် အလုပ်သမား ခေါင်းပုံဖြတ်မှုများနှင့် လူမှောင်ခိုကူးမှုများကို ကာကွယ်ရန်အတွက် အထူးကြိုးပမ်းမှုများကို သင့်တိုင်းပြည်တွင်းရှိ ဒေသများတွင် ဆောင်ရွက်နေပြီဖြစ်သည်။ သင့်အိမ်နှင့် နီးစပ်သော နေရာများတွင်ရှိသော စီမံကိန်း တစ်ခုခုတွင် အလုပ်လုပ်ရန် ကြိုးစားကြည့် ဖူးပါသလား? သင့်အားဤစာအုပ်ငယ်တွင်ပေးထားသော အဖွဲ့အစည်းသို့လည်း ဆက်သွယ်ကာ စုံစမ်းမှုများ ပြုလုပ်နိုင်ပါသည်။ “သင့်မိသားစုနှင့် အတူနေကာ အမိမြေတွင် အလုပ်လုပ်ရခြင်းသည် နိုင်ငံခြားတိုင်းပြည်များသို့ ခက်ခက်ခဲခဲ စွန့်စွန့်စားစား နေထိုင်ရသောဘဝထက် ပိုမိုပျော်ရွှင်စရာကောင်းကြောင်း” အမြဲသတိရပါ။ ထိုအတွေးအခေါ်သည် အလွန်တန်ဖိုးရှိသော အတွေးအခေါ်ဖြစ်သည်။

အကူအညီ နှင့် အထောက်အပံ့

ထိုင်းနိုင်ငံတွင် သင်အကူအညီရယူလိုပါက အောက်ပါ ကိုယ်စားလှယ်အသင်းအဖွဲ့များသည် သင့်အား ကူညီထောက်ပံ့ပေး နိုင်ပေလိမ့်မည်။

ရဲ – ၁၉၁ (ထိုင်းဘာသာစကားနှင့်သာ --- ပိုက်ဆံပေးရသောဖုန်း။ မိုဘိုင်းဖုန်း)

ခရီးသွားများအတွက် ရဲ – ၁၁၅၅ (ထိုင်းဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကား)

စာချုပ်စာတမ်းဖောက်ဖျက်ခြင်းအတွက် အကူအညီရယူရန် – ၁၅၀၆ သို့ခေါ်ဆိုပါ (ထိုင်းဘာသာစကားနှင့်သာ)

အကယ်၍သင်သည် လောလောဆယ်ချက်ချင်း အန္တရာယ်ကြုံနေရလျှင် ၁၃၀၀ သို့ခေါ်ဆိုပါ (ထိုင်းဘာသာစကားနှင့်သာ)

(သင်မှတ်ပုံတင်ထားသောအခြေအနေများ၊ တရားဝင်အခြေအနေ ဖြစ်သည် /မဖြစ်သည် များအတွက် မစိုးရိမ်ပါနှင့်၊ အကယ်၍ သင်သည် အန္တရာယ်ကြုံနေရလျှင် အကူအညီရယူနိုင်သည်၊)

လာအို ဒီမိုကရက်တစ်နိုင်ငံ ကောင်စစ်ဝန်ရုံး။ ဘန်ကောက် –
၀၂ ၅၃၉ ၆၆၆၇ – ၈ လိုင်းခွဲ ၁၀၉

ကမ္ဘောဒီးယားနိုင်ငံ ကောင်စစ်ဝန်ရုံး။ ဘန်ကောက်
၀၂ ၉၅၇ ၅၈၅၁ –၂ ရုံးချိန်တွင်း (တနင်္လာ – သောကြာ)
၀၂ ၉၅၇ ၅၈၈၆ (အလုပ်သမားဆိုင်ရာအတွက်သံရုံးအားဆက်သွယ်လိုလျှင်)
၀၈၁ ၈၂၆ ၈၅၅၁ (ရုံးချိန်ပြင်ပနှင့် အရေးတကြီးဆက်သွယ်လိုလျှင်)

မြန်မာနိုင်ငံအလုပ်သမားများအတွက် ဆက်သွယ်ရန်

- ရပိုင်ခွင့်တိုးတက်ရေး ကွန်ရက် **(LPN)** ၀၃၄ ၄၃၄ ၉၂၆ – ၇
- မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် – (ရွှေ့ပြောင်းအလုပ်သမားရေးရာဌာန – ၀၈၅၁၉၈၆၀၉၅)
- မြန်မာနိုင်ငံ ဒီမိုကရေစီ ရရှိရေး ထိုင်းလုပ်ငန်း ကော်မတီ (တီ အေ စီ ဒီ ဘီ – **TACDB**)
  ၀၂ ၂၁၆ ၄၄၆၃ (ဘန်ကောက် –အခြားနေရာများတွင်လည်း အကူအညီရယူနိုင်သည်)
  အချိန် – ၀၉ း ၀၀ – ၁၈ း ၀၀ – ရုံးဝန်ထမ်းများသည် မြန်မာစကားပြောနိုင်သည်။

သင့်အားဤစာအုပ်ငယ်ပေးသော အဖွဲ့အစည်းမှလည်း အကြံဉာဏ်နှင့် အကူအညီ အထောက်အပံ့ပေးနိုင်ပေလိမ့်မည်။

နည်းစနစ်ကျကျ ခရီးသွား – နည်းစနစ်ကျကျ အလုပ်လုပ် လှုပ်ရှားချက်ထုတ်ပြန်မှု တစ်စိတ်တစ်ပိုင်းသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (**ILO**)၏ မဲခေါင်ဒေသတွင်း ကလေးသူငယ်နှင့် အမျိုးသမီးများ လူမှောင်ခိုကူးမှု တိုက်ဖျက်ရေး စီမံကိန်းအတွက် အစပြုလုပ်ငန်းစဉ်ဖြစ်သည်။

*ရုပ်ပုံအနုပညာလက်ရာများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်၏ (CP –TING) စီမံကိန်း၏ ယဉ်ကျေးမှု လက်ရာဖြစ်သည်။*

## ထိုင်းနိုင်ငံတွင်အလုပ်လုပ်နေသလား ?
## (သို့မဟုတ်)
## အလုပ်ရှာနေသလား ?

သင်ထိုင်းနိုင်ငံကို အလုပ်ရှာဖို့ ရောက်နေသလား ?
သင်ထိုင်းနိုင်ငံမှာ အလုပ်လုပ်နေပြီလား ?

## သင့်မှာ ရပိုင်ခွင့်များ – တာဝန်များ ရှိနေပါတယ်။

အထက်ပါအချက်အလက်များကို နားလည်သဘောပေါက်ထားပါက သင့်အား အလုပ်ရှင်မှ အဓမ္မစေခိုင်းမှုမှ ကင်းဝေးစေပြီး အလုပ်မှအကျိုးအမြတ်ရရန် အထောက်အကူဖြစ်နိုင်ပေသည်။

## မကြောက်ပါနှင့် – သို့သော် အမြဲသတိရှိပါ။

ဤစာအုပ်ငယ်သည် သင့်အား ထိုင်းနိုင်ငံတွင် မည်ကဲ့သို့အလုပ်လုပ်ရမည်နှင့် လုံခြုံစွာ ခရီးသွားလာရမည်၊ မတရားပြုမူသော ကိုယ်စားလှယ်များနှင့် အလုပ်ရှင်များကိုမည်သို့ ရှောင်ကြဉ်ရမည်။ သင်အကူအညီလိုအပ်ပါက မည်သည့်နေရာများသို့ ဆက်သွယ်တောင်းခံရမည်များကို အကြံဉာဏ်များ ပေးထားပါသည်။

ယခု သင်မတရားခံနေရလျှင်တောင် – နောက်မကျသေးပါ
*နည်းစနစ်ကျကျခရီးသွား – နည်းစနစ်ကျကျအလုပ်လုပ်*

ဤလမ်းညွှန်သည် ရွှေ့ပြောင်းဝင်ရောက်လာသူ အလုပ်သမားများအတွက် အောက်ပါ အသင်းအဖွဲ့များမှတဆင့် အခမဲ့ ဖြန့်ဝေသည်။

**www.childtrafficking.net**

**Copyright © International Labour Organization 2007**

**ISBN: 978-92-2-819805-8 (print)**
**978-92-2-819808-9 (web-pdf)**